# ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ
# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေ
## [၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၃။]
## ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။
## (၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)

[ ပြင်ဆင် : 11.10.1983, 14.08.1989, 25.03.1998 ]

အောက်ဖော်ပြပါဥဒေကို ထုတ်ပြန်ကျေညာသည်။

နိဒါန်း(ပယ်ဖျက်)

[ပြင်ဆင် 14.08.1989]

### အခန်း ၁
### အမည်၊ အာဏာတည်သည့် နေ့ရက်နှင့်အဓိပ္ပါယ်ဖော်ပြချက်များ

၁။ ။ (က) ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတက္ကသိုလ်ပညာရေးဥပဒေဟု ခေါ်တွင် စေရမည်။

(ခ) ဤဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်းလုံးတွင် ချက်ခြင်းအာဏာတည်စေရမည်။

၂။ ။ ဤဥပဒေပါစကားရပ်များသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

(က) "တက္ကသိုလ်" ဆိုသည်မှာ ပုဒ်မ ၃ အရ၊ ဖွဲ့စည်းသည့် ဝိဇ္ဇာ၊ သိပ္ပံပညာရေးဆိုင်ရာတက္ကသိုလ်၊ သို့မဟုတ် တတ်ကျွမ်းမှုပညာရေးဆိုင်ရာတက္ကသိုလ်ကိုဆိုသည်။

(ခ) "ဆက်သွယ်ပေါင်းစည်းထားသည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ" ဆိုသည်မှာ တက္ကသိုလ်နှင့်ဆက်သွယ်ပေါင်းစည်းမှု ခံစားခွင့်ရရှိသောဒီဂရီကောလိပ် သိပ္ပံကို ဆိုသည်။

<ပြင်ဆင် 25.03.1998>

### အခန်း ၂
### ဖွဲ့စည်းခြင်းနှင့် ဖွဲ့စည်းရန် အာဏာ

၃။ ။ အစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ တက္ကသိုလ်များနှင့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများကို ဖွဲ့စည်းနိုင်သည်။ ၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေအရ ဖွဲ့စည်းထားသည့် လက်ရှိတက္ကသိုလ်များသည်၊ ဤပုဒ်မအရဖွဲ့စည်းသည့် တက္ကသိုလ်များဖြစ်သည်ဟု မှတ်ယူရမည်။

<ပြင်ဆင် 25.03.1998>

၄။ ။ ပုဒ်မ ၃ အရ ဖွဲ့စည်းသည့်တက္ကသိုလ်၊ သို့မဟုတ် တက္ကသိုလ်များကို ဝိဇ္ဇာ၊ သိပ္ပံပညာရေးဆိုင်ရာ တက္ကသိုလ်၊ သို့မဟုတ် တတ်ကျွမ်းမှုပညာရေးဆိုင်ရာ တက္ကသိုလ်ဟူ၍ အမျိုးအစားခွဲခြားသတ်မှတ်ရ မည်။

Myanmar Law Information System (MLIS)

၅။ ။ အစိုးရသည်၊ ပုဒ်မ ၃ အရ ဖွဲ့စည်းသည့်တက္ကသိုလ်တခုခုတွင် ဆက်သွယ်ပေါင်းစည်းထားသည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကို ဖွဲ့စည်းပေးနိုင်သည်။

<ပြင်ဆင် 25.03.1998>

## အခန်း ၃

## ရည်မှန်းချက်များ

၆။ ။ ပုဒ်မ ၃ အရ ဖွဲ့စည်းသည့်တက္ကသိုလ်များ ရှေ့ရှုဆောင်ရွက်ရမည့်အဓိကရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) မြန်မာ့လူမှုဘဝနှင့် လျော်ညီသော စိတ်နေသဘောထား ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံသည့် ကျွမ်းကျင်လိမ္မာသော ပညာရှင်များမွေးထုတ်ရန်၊

(ခ) နိုင်ငံတော်ကို အကျိုးပြုမည့် ပညာရှင်များမွေးထုတ်ရန်၊

(ဂ) အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုမည့် အတတ်ပညာနှင့်သိပ္ပံပညာကို ဦးစားပေး၍ သင်ကြားလေ့ကျင့်ပေးရန်၊

(ဃ) နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများဆောင်ရွက်ရန်၊

(င) လုပ်အားကို ဂုဏ်ယူစိတ်ရှိအောင် သင်ကြားလေ့ကျင့်ပေးရန်၊

(စ) နိုင်ငံတည်ဆောက်ရာတွင် ပါဝင်နေကြသော ပြည်သူတို့၏ ပညာဉာဏ်အမြော်အမြင်ကိုလည်းကောင်း၊ ကျွမ်းကျင်မှုကိုလည်းကောင်း အစဉ်မပြတ် တိုးတက်ကောင်းမွန်အောင် စီမံဆောင်ရွက်ရန်။

<ပြင်ဆင် 14.08.1989>

## အခန်း ၄

## တက္ကသိုလ်၏ လုပ်ငန်း တာဝန်များ

၇။ ။ တက္ကသိုလ်အသီးသီးသည်အောက်ပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးစနစ်များနှင့်ကိုက်ညီသည့်ပညာရပ် များကို ပို့ချသင်ကြားပေးရန်၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွါးရေ၊ လူမှုရေးကိစ္စအဝဝအတွက် ပါရဂူများ၊ ပညာ ကျော်များ၊ စက်မှုလက်မှုတတ်ကျွမ်းသူများ စသည့်ပညာရှင်များနှင့်အသိပညာရှင်များဖြစ်ထွန်းအောင် သင်ကြားလေ့ကျင့်ပေးရန်၊

(ဂ) သုတေသနလုပ်ငန်းအတွက်လည်းကောင်း၊ ပညာတိုးပွားရေးအတွက်လည်းကောင်း၊ ပညာဖြန့်ချီ ရေးအတွက်လည်းကောင်း စီမံထားချက်များပြုလုပ်ရန်၊

(ဃ) တက္ကသိုလ်ပညာရေးဆိုင်ရာ စာမေးပွဲများကျင်းပရန်၊

(င) တက္ကသိုလ်ဘွဲ့များ၊ ဒီပလိုမာလက်မှတ်များ၊ တက္ကသိုလ်စာမေးပွဲအောင်လက်မှတ်များနှင့်တက္ကသိုလ် ဆိုင်ရာ အခြားပညာဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်းချီးမြှင့်ရန်၊

(စ) တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏နေရေး၊ ထိုင်ရေးနှင့်စည်းကမ်းသေဝပ်ရေးတို့ကို ကြီး ကြပ်စီမံခန့်ခွဲရန်နှင့် ကျောင်းသားကျောင်းသူများ၏ ကိုယ်လက်ကြံ့ခိုင်ရေးနှင့်ကျန်းမာရေးကို တိုးတက် အောင်စီမံခန့်ခွဲရန်၊

(ဆ) ပယ်ဖျက်

(ဇ) တက္ကသိုလ်က ရှေ့ရှုဆောင်ရွက်ရမည့် အဓိကရည်မှန်းချက်များကို ပြီးမြောက်အောင်မြင်စေရေးအတွက် လိုအပ်သောအခြားကိစ္စအရပ်ရပ်ကို ဆောင်ရွက်ရန်။

<ပြင်ဆင် 14.08.1989>

Myanmar Law Information System (MLIS)

## အခန်း ၅

## တက္ကသိုလ်များ ကြီးကြပ်ရေး

၈။ ။ (က) အစိုးရသည် တက္ကသိုလ်ပညာရေးနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ရန်၊ လမ်းညွှန်မှုပြုရန်နှင့် ကြီးကြပ်ရန် အလို့ငှာ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော တက္ကသိုလ်များဗဟိုကောင်စီကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပညာရေးဝန်ကြီးဌာနဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကို စီမံခန့်ခွဲသော သက်ဆိုင်ရာဝန်ကြီးဌာန၏ ဝန်ကြီးများ | အဖွဲ့ဝင် |
| (၃) | အစိုးရကတာဝန်ပေးသည့် ပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (၄) | ပညာရေးဝန်ကြီးဌာန လက်အောက်ရှိဌာန၊ အဖွဲ့အစည်း အကြီးအကဲများ | အဖွဲ့ဝင် |
| (၅) | ပါမောက္ခချုပ်များ | အဖွဲ့ဝင် |
| (၆) | ဒီဂရီကောလိပ်နှင့် သိပ္ပံကျောင်းအုပ်ကြီးများ | အဖွဲ့ဝင် |
| (၇) | ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး | အတွင်းရေးမှူး |

(ခ) အစိုးရသည် တက္ကသိုလ်များ ဗဟိုကောင်စီဖွဲ့စည်းရာတွင် လိုအပ်ပါက တက္ကသိုလ်များ ဗဟိုကောင်စီ အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

(ဂ) တက္ကသိုလ်များဗဟိုကောင်စီ၏လုပ်ငန်းတာဝန်များမှာ၊ အောက်ပါအတိုင်းဖြစ်စေရမည်။

(၁) တက္ကသိုလ်ပညာရေးဆိုင်ရာလမ်းညွှန်မှုများကို ချမှတ်ပေးရန်၊

(၂) တက္ကသိုလ်နှင့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံသစ်များ ဖွဲ့စည်းဖွင့်လှစ်ပေးရေးအတွက် အစိုးရထံထောက်ခံချက်တင်ပြရန်၊

(၃) တက္ကသိုလ်များမှ မည်သို့သော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့၊ ဒီပလိုမာနှင့်အောင်လက်မှတ်များပေးရမည်ကို စဉ်းစားဆုံးဖြတ်ရန်၊

(၄) နိုင်ငံတော် လိုအပ်ချက်နှင့်အညီ တက္ကသိုလ်များတွင် လက်ခံသင်ကြားမည့် ကျောင်းသားဦးရေ သတ်မှတ်ရန်၊

(၅) တနိုင်ငံလုံးကို အကျိုးပြုစေမည့်သုတေသနလုပ်ငန်းများကို စဉ်းစားသတ်မှတ်ပေးရန်၊

(၆) တက္ကသိုလ်ဆရာအဆင့်ဆင့်တို့၏ အခြေခံပညာအရည်အချင်းကို သတ်မှတ်ရန်၊

(၇) ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းချီးမြှင့်ရေးကို ဆုံးဖြတ်ရန်၊

(၈) တက္ကသိုလ်ပညာရေးအတွက် ရည်မှန်းချက်များ အကောင်အထည်ဖေါ်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများကို စဉ်းစားဆုံးဖြတ်ရန်၊

(၉) တက္ကသိုလ်/ ဒီဂရီကောလိပ်/ ကောလိပ်/ သိပ္ပံများ စီမံခန့်ခွဲရေးအဖွဲ့များ၏ လုပ်ငန်းများကိုကြီးကြပ်ရန်နှင့်တင်ပြသော ပြဿနာအရပ်ရပ်ကို စဉ်းစားဆုံးဖြတ်ပေးရန်။

<ပြင်ဆင် 11.10.1983, 14.08.1989, 25.03.1998>

၉။ ။ (က) အစိုးရသည် တက္ကသိုလ်ပညာ အဆင့်အတန်း၊ သင်ရိုးမာတိကာ၊ စာမေးပွဲနှင့် ပညာရေးဆိုင်ရာ ကိစ္စအရပ်ရပ်ကို ကြီးကြပ်ရန် တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီကို ဖွဲ့စည်းရမည်။

(ခ) တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီတွင်၊ အောက်ပါပုဂ္ဂိုလ်များပါဝင်စေရမည်-

| | | | |
|---|---|---|---|
| (၁) | ပညာရေးဝန်ကြီးဌာနဝန်ကြီး | … | ဥက္ကဋ္ဌ |
| (၂) | ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး | … | ဒုတိယ ဥက္ကဋ္ဌ |
| (၃) | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကို စီမံခန့်ခွဲသော သက်ဆိုင်ရာဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးများ | … | အဖွဲ့ဝင် |
| (၄) | အစိုးရကတာဝန်ပေးသည့် ပုဂ္ဂိုလ်များ | … | အဖွဲ့ဝင် |
| (၅) | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကို စီမံခန့်ခွဲသော သက်ဆိုင်ရာဝန်ကြီးဌာနလက်အောက်ရှိဌာန၊ အဖွဲ့အစည်း၏ အကြီးအကဲများ | … | အဖွဲ့ဝင် |
| (၆) | ပညာရေးဝန်ကြီးဌာန လက်အောက်ရှိဌာန၊ အဖွဲ့အစည်း၏ အကြီးအကဲများ | … | အဖွဲ့ဝင် |
| (၇) | ပါမောက္ခချုပ်များ | … | အဖွဲ့ဝင် |
| (၈) | ဒီဂရီကောလိပ်နှင့် သိပ္ပံကျောင်းအုပ်ကြီးများ | | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) | | အတွင်းရေးမှူး |



Myanmar Law Information System (MLIS)

| | | | |
|---|---|---|---|
| (၁၀) | ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) | ... | တွဲဖက်အတွင်းရေးမှူး |

(ဂ) တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်စေရမည်-

(၁) တက္ကသိုလ်ညာရေးအဆင့်အတန်းကို ပြဋ္ဌာန်းသတ်မှတ်ရန်၊

(၂) တက္ကသိုလ်များသို့ဝင်ခွင့်ရရှိရန် လိုအပ်သည့်ပညာအရည်အချင်းနှင့်ရွေးချယ်ပုံနည်းစနစ်သတ်မှတ် ပေးရန်၊

(၃) တက္ကသိုလ်ပညာသင်ကြားရေးနှင့် သင်ကြားမှုစနစ်များကိုအခါအားလျော်စွာ ဝေဖန်သုံးသပ်၍ ကြီးကြပ်ကွပ်ကဲရန်။

(၄) တက္ကသိုလ်စာမေးပွဲများကျင်းပရေးအတွက် စည်းကမ်းနှင့် စနစ်များကို ပြဋ္ဌာန်းသတ်မှတ်ရန်၊

(၅) တက္ကသိုလ်ဆရာအဆင့်ဆင့်တို့၏ အခြေခံပညာ အရည်အချင်းကိုသတ်မှတ်၍ တက္ကသိုလ်များ ဗဟိုကောင်စီသို့ထောက်ခံတင်ပြရန်နှင့်ထိုဆရာတို့ပညာတိုးတက်ရေးအတွက် သုတေသနလုပ်ငန်း စသည် များကို ချမှတ်ပေးရန်၊

(၆) တက္ကသိုလ်ပညာရေးအဖွဲ့အသီးသီး၏ သုတေသနလုပ်ငန်းများကိုလည်းကောင်း၊ အလုပ်ဝတ္တရား နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်းကောင်း ညှိနှိုင်းပေးရန်၊

(၇) တက္ကသိုလ်ပညာရေးအဖွဲ့သီးသီးက တင်ပြသော တက္ကသိုလ်ပညာတိုးတက်ရေး လုပ်ငန်းများကို စိစစ်သုံးသပ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

<ပြင်ဆင် 11.10.1983, 14.08.1989, 25.03.1998>

## အခန်း ၆

## တက္ကသိုလ်များ စီမံခန့်ခွဲရေး

၁၀။ ။ တက္ကသိုလ်များကို ပညာရေးဝန်ကြီးဌာနက တိုက်ရိုက်စီမံခန့်ခွဲရမည်၊ သို့ရာတွင်ထူးခြားသော အခြေအနေအရ မည်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကိုမဆို အစိုးရ၏ခွင့်ပြုချက်ဖြင့် အခြား သက်ဆိုင်သည့်ဝန်ကြီးဌာနက စီမံခန့်ခွဲနိုင်သည်။

<ပြင်ဆင် 25.03.1998>

၁၁။ ။ (က) ပညာရေးဝန်ကြီးဌာနသည် မိမိလက်အောက်ရှိ တက္ကသိုလ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်အလို့ငှာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) နှင့် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တို့ကို ဖွဲ့စည်းထားရှိရမည်။

(ခ) တက္ကသိုလ် သို့မဟုတ် တက္ကသိုလ်များကို စီမံခန့်ခွဲရသည့် အခြားဝန်ကြီးဌာနသည် မိမိလက်အောက်ရှိ တက္ကသိုလ် သို့မဟုတ် တက္ကသိုလ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန် အလို့ငှာ ဦးစီးဌာနတစ်ခုခုအား လိုအပ်သလို သတ်မှတ်တာဝန်ပေးအပ်ထားရှိရမည်။

<ပြင်ဆင် 11.10.1983, 25.03.1998>

Myanmar Law Information System (MLIS)

၁၂။ ။ (က) တက္ကသိုလ်အသီးသီး၏ စီမံခန့်ခွဲရေးနှင့်ပညာရေးဆိုင်ရာတာဝန်များကို ဆောင်ရွက်ရန်၊ တက္ကသိုလ်တိုင်းတွင် အောက်ပါအဖွဲ့များကို တက္ကသိုလ်များဗဟို ကောင်စီကဖွဲ့စည်းရမည်။

(၁) တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၊

(၂) တက္ကသိုလ်ပညာရေးအဖွဲ့၊

(ခ) တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ အသီးသီးတွင် အောက်ပါပုဂ္ဂိုလ်များပါဝင်စေရမည်-

| | | | | |
|---|---|---|---|---|
| (၁) | ပါမောက္ခချုပ် | | ... | ဥက္ကဋ္ဌ |
| (၂) | ဒုတိယပါမောက္ခချုပ် | | ... | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာ ဝန်ကြီးဌာနက ရွေးချယ်သောပုဂ္ဂိုလ် ၂ ဦး | | | အဖွဲ့ဝင် |
| (၄) | တက္ကသိုလ်များ ဗဟိုကောင်စီဝင် ၂ ဦး | | ... | အဖွဲ့ဝင် |
| (၅) | တက္ကသိုလ်ဆရာ ၃ ဦး | | ... | အဖွဲ့ဝင် |
| (၆) | ဌာနမှူး (သင်တန်းရေးရာ) | | ... | အဖွဲ့ဝင် |
| (၇) | ဌာနမှူး (စီမံ၊ ဘဏ္ဍာ) သို့မဟုတ် မော်ကွန်းထိန်း သို့မဟုတ် လက်ထောက်မော်ကွန်းထိန်း | | ... | အတွင်းရေးမှူး |

(ဂ) တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ၊ အောက်ပါအတိုင်းဖြစ်စေရမည်။

(၁) နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အမိန့်များအရ၊ ဆောင်ရွက်ခွင့်အာဏာ ပေးထားသော ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများကိုဆောင်ရွက်ရန်၊

(၂) ကျောင်းသား ကျောင်းသူများနှင့် သက်ဆိုင်သောစည်းကမ်းများသတ်မှတ်ရန်နှင့် ထိုစည်းကမ်းများ အတိုင်း လိုက်နာအောင် ကြပ်မတ်ထိန်းသိမ်းရန်၊

(၃) တက္ကသိုလ်နယ်မြေ ကိစ္စများကို ဆောင်ရွက်ရန်၊

(၄) ကျောင်းသား ကျောင်းသူများ အတွက် အားကစား ကာယပညာနှင့် ယဉ်ကျေးမှု လုပ်ငန်း အရပ် ရပ်ကို ကြီးကြပ်စီမံရန်၊

(၅) တက္ကသိုလ် ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ တို့၏ ကျန်းမာရေးကိစ္စများကို စီမံဆောင် ရွက်ရန်၊

(၆) ကျောင်းဆောင်ကိစ္စအရပ်ရပ်ကို စီမံဆောင်ရွက်ရန်၊

(၇) ပထမနှစ်သင်တန်းမှအပ၊ ကျန်သင်တန်းများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့်ကျောင်းလခ လွတ်ငြိမ်းခွင့် ချီးမြှင့်ခြင်းခံယူထိုက်သူများ ရွေးချယ်ရေးကိစ္စများကို ဆောင်ရွက်ရန်။

(ဃ) တက္ကသိုလ်ပညာရေးအဖွဲ့အသီးသီးတွင်၊ အောက်ပါပုဂ္ဂိုလ်များပါဝင်စေရမည်-

| | | | | |
|---|---|---|---|---|
| (၁) | ပါမောက္ခချုပ် | | ... | ဥက္ကဋ္ဌ |
| (၂) | ဒုတိယပါမောက္ခချုပ် | | ... | ဒုတိယဥက္ကဋ္ဌ |
| (၃) | ပါမောက္ခများ | | ... | အဖွဲ့ဝင် |
| (၄) | ဌာနမှူးများ | | ... | အဖွဲ့ဝင် |
| (၅) | ဘာသာရပ်အသီးသီး၌ ကျွမ်းကျင်သည့်ပြင်ပပုဂ္ဂိုလ်များ။ | | ... | အဖွဲ့ဝင် |
| (၆) | ကောလိပ်နှင့် သိပ္ပံများမှ ကျောင်းအုပ်ကြီးများ။ | | ... | အဖွဲ့ဝင် |
| (၇) | ဒီဂရီကောလိပ်များမှ ပါမောက္ခ ကိုယ်စားလှယ် ၂ ဦးစီ။ | | ... | အဖွဲ့ဝင် |
| (၈) | ဌာနမှူး (သင်တန်းရေးရာ) | | ... | အဖွဲ့ဝင် |
| (၉) | မော်ကွန်းထိန်း (၁) | | ... | အတွင်းရေးမှူး |

( င) တက္ကသိုလ်ပညာရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ၊ အောက်ပါအတိုင်းဖြစ်စေရမည်။

(၁) ပြည်ထောင်စုမြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးစနစ်များနှင့် ကိုက်ညီသည့်ပညာရပ်များ ကို ပို့ချသင်ကြားရေးအတွက် သင်ကြားရေးအဖွဲ့များနှင့်ညှိနှိုင်းအကြံပေးရန်၊

(၂) ဘာသာရပ်အလိုက်ဖွဲ့စည်းထားသော သင်ကြားရေးအဖွဲ့များကရေးဆွဲတင်ပြသော သင်ရိုးမာတိကာ နှင့်သင်ရိုးညွှန်းတမ်းများစိစစ်၍ တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီသို့ မှတ်ချက်နှင်တကွထောက်ခံ တင်ပြရန်နှင့် ယင်းကောင်စီကသဘောတူအတည်ပြုပါက ယင်းအတည်ပြုချက်အတိုင်း သင်ကြားခြင်း ပြု မပြု ကြီးကြပ်ကွပ်ကဲရန်၊

(၃) စာမေးပွဲများကျင်းပပေးရန်နှင့် အောင်စာရင်းများ ကျေညာရန်၊

(၄) ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ်နှင့် ဆုများချီးမြှင့်ရန်၊

(၅) ဌာနသစ်များ တီထွင်ရေးအတွက် ထောက်ခံရန်၊

(၆) တက္ကသိုလ်တွင် ပြဋ္ဌာန်းမည့် စာအုပ်စာတမ်းဟူသရွေ့ကို စိစစ်အတည်ပြုရန်၊

(၇) တက္ကသိုလ်များတွင် ဘွဲ့လွန်သင်တန်းများဖွင့်လှစ်ရေးကို သင်ကြားရေးဌာနများနှင့်ညှိနှိုင်းထောက် ခံရန်။

(စ) ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကို စီမံခန့်ခွဲသော သက်ဆိုင်ရာဝန်ကြီးဌာနသည် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ စီမံခန့်ခွဲရေးအဖွဲ့များကို ဖွဲ့စည်းပြီး ယင်းအဖွဲ့များ၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

<ပြင်ဆင် 14.08.1989, 25.03.1998>

## အခန်း ၇



Myanmar Law Information System (MLIS)

**ဘဏ္ဍာရေး**

၁၃။ ။ (က) တက္ကသိုလ်များသည်၊ မိမိတို့၏ ဝင်ငွေ ထွက်ငွေများနှင့်စပ်လျဉ်း၍ အခြားအစိုးရဌာနများ နည်းတူ၊ ရ-သုံးမှန်းခြေငွေစာရင်းကို အစိုးရထံ တင်သွင်းရမည်။

(ခ) တက္ကသိုလ်များသည်၊ မိမိတို့၏ ဝင်ငွေအားလုံးကို အစိုးရငွေစာရင်းသို့ ရငွေအဖြစ်ထည့်သွင်းရ မည်။

(ဂ) တက္ကသိုလ်များသည်၊ မိမိတို့၏အသုံးစရိတ်များကို အစိုးရကအခါအားလျော်စွာ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရမည်။

**အခန်း ၈**

**အထွေထွေ**

၁၄။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဤဥပဒေအရဖွဲ့စည်းသည့် တက္ကသိုလ်များ၌သာ၊ တက္ကသိုလ်ဘွဲ့၊ ဒီပလိုမာလက်မှတ်နှင့် တက္ကသိုလ်စာမေးပွဲအောင်လက်မှတ်များအပ်နှင်းခွင့်ရှိရမည်။

၁၅။ ။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကို စီမံခန့်ခွဲသော သက်ဆိုင်ရာဝန်ကြီးဌာနသည် အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကို စီမံခန့်ခွဲသော သက်ဆိုင်ရာဝန်ကြီးဌာနကဖြစ်စေ၊ ယင်းဝန်ကြီးဌာန၏လက်အောက်ရှိ ဦးစီးဌာနကဖြစ်စေ လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။ <ပြင်ဆင် 25.03.1998>

၁၆။ ။ တက္ကသိုလ်များဗဟိုကောင်စီ၊ တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ၊ တက္ကသိုလ်စီမံခန့်ခွဲရေး အဖွဲ့နှင့်တက္ကသိုလ်ပညာရေးအဖွဲ့အသီးသီးတွင် ရာထူးအလျောက်အဖွဲ့ဝင်များမှတပါး အခြားအဖွဲ့ဝင် များ၏သက်တမ်းမှာ သုံးနှစ်ဖြစ်ရမည်။

၁၇။ ။ ၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေကို ဤဥပဒေနှင့်ရုပ်သိမ်း လိုက်သည်။

(ပုံ) နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။)

(၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)

အမိန့်အရ၊

Myanmar Law Information System (MLIS)

(ပုံ) ဒုတိယ ဗိုလ်မှူးကြီးမြကျော်၊

အတွင်းရေးမှူး၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

Myanmar Law Information System (MLIS)